MINISTRY OF SOCIAL DEVELOPMENT
TE MANATŪ WHAKAHIATO ORA

HOUSING ASSESSMENT
AROMATAWAI WHARE NOHO



Burmese

# မည်သူတွေ ပြည်သူ့အိုးအိမ်တွင် နေထိုင်ခွင့်ရရှိနိုင်ပါသလဲ

**ပြည်သူ့အိုးအိမ်ကို၊သင့်အတွက်စဉ်းစားပေးရန်မှာ သင့်အနေနှင့်နေထိုင်ရန်အိမ်ယာကိုအပူတပြင်းလိုအပ်နေသူဖြစ်ပြီး အတတ် နိုင်ဆုံးရှာဖွေနေသော်လည်း၊ယခုထက်တိုင်မရရှိသေးကြောင်း ကျွန်ုပ်တို့အားပြသဖို့ လိုအပ်ပါသည်။**

ပြည်သူ့အိမ်ယာတွင်နေထိုင်ခွင့်ရရန် သင်သည်–

- အသက် 16 နှစ် နှင့် အထက် ဖြစ်သူ
- နယူဇီလန်နိုင်ငံတွင်ပုံမှန်အားဖြင့်နေထိုင်သူဖြစ်ရမည့်ပြင်
- နယူးဇီလန်နိုင်ငံသားဖြစ်သူ သို့မဟုတ် အမြဲနေ ထိုင်ခွင့် ရရှိထားသူ၊ သို့မဟုတ်နယူးဇီလန်နိုင်ငံတွင်၂နှစ်အောက် နေထိုင်သူဖြစ်ပြီး အဓိကလူမှုဖူလုံရေးထောက်ပံ့ကြေး ရရှိနေသူဖြစ်ပါက အကြုံးဝင်မှု ရှိနိုင်ပါသည်။
- နယူးဇီလန်နိုင်ငံသား သို့မဟုတ် အမြဲနေထိုင်ခွင့်ရသူ မဖြစ်ခဲ့သော်လည်း အထူးအခြေအနေအရ အရေးပေါ် ထောက်ပံ့ကြေးရရှိသူဖြစ်ပါကအကြုံးဝင်နိုင်ပါသည် (ဥပမာနယူးဇီလန်နိုင်ငံတွင်နေထိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပြီး နိုင်ငံတွင် မဖြစ်မနေ နေထိုင်ရမည့်သူဖြစ်ခြင်း)
- အောက်ပါသတ်မှတ်ဝင်ငွေထက်နည်းသူဖြစ်ရမည်–

  -အိမ်ထောင်လည်းမရှိသူ၊မှီခိုသည့်ကလေးလည်း မရှိသူ ဖြစ်ပါက၊(အခွန်ဆောင်ပြီး) တစ်ပါတ်ဝင်ငွေ $585.30

  -အိမ်ထောင်လည်းရှိသူ၊မှီခိုသည့်ကလေးလည်း ရှိသူဖြစ်ပါ က၊ (အခွန်ဆောင်ပြီး) တစ်ပါတ်ဝင်ငွေ $900.45

- ငွေကြေးတန်ဖိုး $42,700 အောက် ပိုင်ဆိုင် ပစ္စည်းရှိသူ သင့်မှာအိမ်ထောင်ဖက်ရှိလျှင် သူတို့၏အခြေအနေကိုလည်း သင့်လျှောက်လွှာတွင် ထည့်သွင်းစဉ်းစားမည်။

## အရေးပေါ်အိမ်ယာ

အရေးပေါ်အိမ်ယာကိုသင်လိုအပ်သည့်အခြေအနေဖြစ်နေပါက၊ ဥပမာယခုညပင်အိပ်စရာနေရာမရှိပါက၊ ကျေးဇူးပြု၍ဖုန်းခေါ်ပါ၊ ကျွန်ုပ်တို့ကကူညီကောင်းကူညီနိုင်ပါမည်၊သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးနိုင်ပါလိမ့်မည်။

## အကြုံးမဝင်ပါက

ပြည်သူ့အိုးအိမ်ကိုသင်မရနိုင်ဟုသိရှိပါကလည်း၊အခြားသော အိမ်ယာရွေးချယ်မှုများနှင့် ပါတ်သက်၍ကျွန်ုပ်တို့က အကူအညီပေးခြင်း၊နေစရာတစ်နေရာရာရှာဖွေဖို့အကြံညဏ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကောင်းပေးနိုင်ပါလိမ့်မည်။

လူမှုဖူလုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအိုးအိမ်ဌာန (MSD Housing) **www.housing.msd.govt.nz** ဝက်ဘ်ဆိုက်ရှိ နေစရာတစ်ခုခုရှာဖွေခြင်းစာစောင်တွင်ကြည့်ရှု ပါ၊ သို့မဟုတ်အိမ်ရွေးချယ်မှုဆွေးနွေးပွဲသို့တက်ရောက်ရန် ချိန်း ဆိုစီစဉ်ပါ။

## ကွန်ုပ်တို့က သင့်ကို ပြည်သူ့အိမ်ယာအတွက် ကူညီနိုင်သည်ဟု သင်ယူဆပါက –

**အောက်ပါဖုန်းနံပါတ်တစ်ခုခု ကိုဆက်သွယ်ပါ –**

အလုပ်အကိုင်နှင့်ဝင်ငွေဌာန
(Work and Income): **0800 559 009**

အသက်အရွယ်ကြီးသူများအတွက်ဝန်ဆောင်ပေးမှုဌာန်
(Senior Services) **0800 552 002**

လူငယ်အကျိုးဆောင်ဌာန (Youth Service):
လူငယ်ဝန်ဆောင်မှုအဖွဲ့အစည်း သို့ဆက်သွယ်ပါ။

သင့်မှာ၊ကလိုင်းရင့်နံပါတ်ရှိပါက၊ အသင့်ဆောင်ထားပါ၊ ကျွန်ုပ်တို့ထံမှလာသည့်စာ၊ သို့မဟုတ် သင့်ကွန်မြူနတီဆားဗစ်ကတ် (Community Services Card) သို့မဟုတ် (SuperGold Card) (သင့်မှာရှိလျှင်) တို့တွင် ထိုနံပါတ်ကိုရှာဖွေတွေ့ရှိနိုင်သည်၊ သင်နှင့်စကားပြောဆိုစဉ်မှန်ကန်သောအချက်အလက်များရှိနေရန်၊အခြားသောသင်နှင့်ပါတ်သက်သည့်၊အချက်အလက် များ ကိုလည်း၊ ကျွန်ုပ်တို့ကတောင်းဆိုနိုင်သည်။